## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစား အသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်

**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/ ၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com

GGI TOKIO MARINE
အထွေထွေအာမခံ

# ရေယာဉ်ကိုယ်ထည်

## အာမခံ



လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# သင့်ရေယာဉ်ကို ကာကွယ်ပါ

မြန်မာနိုင်ငံဟာ နိုင်ငံတွင်းက မြစ်တွေနဲ့ ကမ်းရိုးတန်းရေကြောင်းလမ်းတွေမှာ ပုံမှန်ကူးသန်းသွားလာနေတဲ့ သင်္ဘောတွေနဲ့ ရေကြောင်းဆက်သွယ်မှု ဖွံ့ဖြိုးအောင်မြင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ရေယာဉ်ကိုယ်ထည် အာမခံပေါ်လစီက အဲဒီရေကြောင်းလမ်းတွေမှာ ကုန်စည်တွေကို တင်သွင်းတင်ပို့လုပ်နေတဲ့ သင်္ဘောတွေကို ဆုံးရှုံးမှု၊ ထိခိုက်ပျက်စီးမှု သို့မဟုတ် ရေကြောင်းလွှဲချော်၍ ထိခိုက်ဆုံးရှုံးမှုတွေကနေ အကာအကွယ်ပေးမှာပါ။ ကုန်တင်သင်္ဘောတွေမှာ ရင်းနှီးမြှုပ်နှံထားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဲဒီလိုဖြစ်ရပ်မျိုးတွေအတွက် အာမခံပေါ်လစီ ရယူထားဖို့ အရေးကြီးလှပါတယ်။

ကျွန်ုပ်တို့ရဲ့ ပေါ်လစီတွေက ရိုးရှင်းပြီး ပွင့်လင်းမြင်သာမှုရှိကာ နေ့ညအချိန်ပြည့်ဝန်ဆောင်မှုကို ထားရှိပေးတဲ့အပြင် လျော်ကြေးထုတ်ပေးတာလည်း မြန်ဆန်ပါတယ်။ သင့်ရေယာဉ် ပျောက်ဆုံး ပျက်စီးခဲ့သည်ရှိသော် ကျွန်ုပ်တို့ ကူညီပေးဖို့အသင့်ပါပဲ။

## ဝန်ဆောင်မှုများ

ရိုးရှင်းလွယ်ကူတဲ့ ဒီပေါ်လစီက ကြိုမမြင်နိုင်တဲ့ အခြေအနေတွေနဲ့ မီးကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ ပေါက်ကွဲမှုဖြစ်ခြင်း၊ သင်္ဘောများသောင်တင်ခြင်း၊ နစ်မြုပ်ခြင်း သို့မဟုတ် တိမ်းမှောက်ခြင်းအပြင် အခြားအရာများနဲ့ တိုက်မိခြင်းတို့အတွက်ပါ အကာအကွယ်ပေးမှာဖြစ်ပါတယ်။

## အဓိက အကျိုးခံစားခွင့်များ

သင်္ဘောပျောက်ဆုံးခြင်း၊ မီးလောင်ထိခိုက်ခြင်း၊ ပေါက်ကွဲမှုဖြစ်ခြင်း၊ သောင်တင်ခြင်း၊ နစ်မြုပ်ခြင်း၊ တိမ်းမှောက်ခြင်းတို့အတွက် အကာအကွယ်ပေးခြင်း။

ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတွင် ရေမဟုတ်သော အခြားပြင်ပအရာဝတ္ထု တစ်ခုခုနှင့် ထိမိခြင်း၊ တိုက်မိခြင်းကြောင့် သင်္ဘောတိမ်းမှောက်ခြင်း၊ လမ်းလွှဲချော်၍ ရေယာဉ်ထိခိုက်ပျက်စီးခြင်းတို့အတွက် အကာအကွယ်ပေးခြင်း။

ကျွန်ုပ်တို့ ဆောင်ရွက်ပေးမယ့် အကာအကွယ်ပေးခြင်း အသေးစိတ်ကို Institute Hull Clause ၁-၁၀-၁၉၈၃ တွင် ဖတ်ရှုနိုင်ပါတယ်။

